# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 28 , 2023 Volume 71, Number 20


၂၈.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၀၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၉၀ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်း



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ ရွှေတောင်၊ ပေါက်ခေါင်းနှင့် အခြားဒေသများဖြစ်သော မြန်အောင်၊ ကြံခင်းစသည့်ဒေသများမှထွက်ရှိသော မိုးမြေပဲများ ပြည်ဈေးကွက်သို့ စက်တင်ဘာလ (တတိယပတ်) တွင် မြေပဲဆန် အိတ်ရေ (၃၀၀/၄၀၀)ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်နှင့်မန္တလေးဒေသများမှ ဝယ်လက်များ၊ ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခြင်းတို့ကြောင့် ပြည်ဒေသရှိ ပွဲရုံနှင့်ဈေးကွက်များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မြေပဲဆန်ဈေးနှုန်းများအနေဖြင့် စက်တင်ဘာလ (တတိယပတ်) တွင် ဆီဆန် (အဖြူ) တစ်ပိဿာလျှင် (၆,၀၀၀) ကျပ်၊ ဆီဆန် (အနီ) တစ်ပိဿာလျှင် (၆,၇၀၀) ကျပ်နှင့် လုံးဆန် (အဖြူ) တစ်ပိဿာလျှင် (၆,၇၀၀)ကျပ်၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် (၇,၇၀၀) ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စက်တင်ဘာလ (ပထမပတ်) နှင့် နှိုင်းယှဉ်လျှင် မြေပဲဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းပြီး ဈေးနှုန်းကျဆင်းရခြင်းမှာ မြေပဲဆန်များ ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ကျဆင်းရခြင်းဖြစ်ကြောင်းသိရသည်။ မြေပဲဆီဈေးနှုန်းအနေဖြင့် စက်တင်ဘာလ (တတိယပတ်) တွင် မြေပဲဆီတစ်ပိဿာလျှင် (၁၃,၅၀၀) ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စက်တင်ဘာလ (ပထမပတ်) နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်ကျဆင်းကြောင်း၊ မြေပဲဆီဈေးနှုန်းများ ကျဆင်းလာရခြင်းမှာ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းများဖြင့် စားအုန်းဆီများကို ရောင်းချပေးခြင်း၊ မြေပဲများ လှိုင်လှိုင်ထွက်ပေါ်ချိန်ဖြစ်ခြင်းများကြောင့် ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

**Source: DOCA (ပဲခူး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း (၁၀) မျိုးမှာ ဆီအုန်း (၁၆၀) တန်၊ ကဏန်း (၃.၄၈၀) တန်၊ ပုစွန် (၄.၂၆၀) တန်၊ ငါးရွှေ (၄.၈၀၀)တန်၊ငါးဝိုင်း (၁၆.၈၀)တန်၊ ငါးခွေးလျှာ (၁၁.၇၆၀) တန်၊ ငါးနီငယ် (၁၇၉.၃၇၀) တန်၊ ကဗျက်ငါး (၆၄.၁၁၀)တန်၊ ပလာတူး(၃၉.၇၈၀) တန်နှင့် ကုလားငှူငါး (၁.၆၈၀) တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း (၁၀) မျိုးမှာ ဒီဇယ်(၁၀၀) တန်၊ ပီလောပီနံ မှုန့် (၂၇၀.၀၀) တန်၊ ကျောက်ချဉ် (၃၀.၀၀) တန်၊ ဆီလီကွန် (၁၁.၀၀) တန်၊ ရေကူးကန်သန့်ဆေး ရည် (၂၂.၀၀) တန်ဖြစ်ကြောင်း သိရှိရသည်။

ကော့သောင်းဒေသ၌ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ ၁ ဂါလံလျှင် (၁၃၀၅၀) ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် (၁၃၀၅၀) ကျပ်ဖြစ်ကြောင်း သိရှိရသည်။

၂၇-၉-၂၀၂၃ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် (၁) သိန်းလျှင် (၁၀၈၆.၉၀) ဘတ်၊ (၁) ဘတ်လျှင် မြန်မာငွေ (၉၂) ကျပ်ခန့်ဖြစ်ကြောင်း သိရှိရသည်။

**Source: (DOT – ကော့သောင်း)**

https://www.commerce.gov.mm/my/article/update-news-border-area-trade/%E1%80%80

## အဝေးပြေးကုန်စည်ပို့ဆောင်ရာတွင် E-lock စနစ်ကျင့်သုံးနိုင်ရေး မှတ်ပုံတင်ကြရန်ထုတ်ပြန်

အဝေးပြေးကုန်စည်ပို့ဆောင်ရေးတွင် E-lock စနစ်ကို ကျင့်သုံးနိုင်ရန်အတွက် (၉) တန်နှင့်အထက် ယာဉ်များအားလုံး မှတ်ပုံတင်ပြီး အသင်းဝင်ဖြစ်လာရန် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ထုတ်ပြန်ထားသည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးတွင် E-lock စနစ်ကို မကျင့်သုံးမီ ကုန်တင်လွှာယာဉ်ပါ/ကုန်ပါစာရင်းချုပ်ဖြင့် ကုန်သွယ်မှုလမ်းကြောင်းတလျှောက်ကို စိစစ်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

(၉) တန်နှင့် အထက် ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် "က" နှင့် အထူး "က" လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကုန်သေတ္တာ မော်တော်ယာဉ်များအသင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့ထံ မှတ်ပုံတင်ပြီးအသင်းဝင်ရမည်ဟု ဆိုသည်။

ကုန်ပစ္စည်းများကိုအလုံပိတ်ယာဉ်များဖြင့်သယ်ဆောင်စေပြီး စောင့်ကြည့်စစ်ဆေးသည့် (E-Lock) စနစ်အသုံးပြုလျှင် ဖွင့်ဖောက်စစ်ဆေးမည်မဟုတ်ဟု ဆိုသည်။

အလုံပိတ်ကုန်တင်ယာဉ်များကို စောင့်ကြည့်စစ်ဆေးသည့် (E-Lock) စနစ်ကို ရန်ကုန် – မြဝတီ၊ ရန်ကုန် – မန္တလေးနှင့် မန္တလေး – မူဆယ်ကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းတို့တွင် လုပ်ဆောင်နိုင်ရန် ပြင်ဆင်နေသည်။

Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2025983

## ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း ရေထွက်ကုန်ပစ္စည်းပိဿာချိန် ၁၂၀၀၀ အထိ တင်ပို့ရောင်းချခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း ရေထွက်ကုန် ပစ္စည်း ပိဿာချိန် ၁၂၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ထားထား၏ ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ဒေသထွက် ငါးတန်၊ ငါးမြစ်ချင်း၊ ပုစွန်တို့ကို ရန်ကုန်မြို့သို့ တင်ပို့မှုမှာ ဇူလိုင်လက ပိဿာချိန် ၉၂၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ တစ်လ အတွင်း ငါးခူ၊ ငါးမြစ်ချင်း၊ ငါးတန်ပိဿာချိန် ၁၂၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။ “ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ကနေ ရန်ကုန်မြို့ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့တဲ့အခါ ပုသိမ်မြို့ကနေ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဇူလိုင်လကထက် ဩဂုတ်လမှာ ကုန်ချိန်များများ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဩဂုတ်လမှာ တင်ပို့ရောင်းချခဲ့ရတဲ့ ရေထွက်ကုန်ပစ္စည်းတွေကတော့ ငါးတန်၊ ငါးမြစ်ချင်းနဲ့ငါးခူတွေဖြစ်ပါတယ်။ တင်ပို့ထားတဲ့ ရေထွက်ကုန်ပစ္စည်းတွေထဲမှာ သိသိသာသာ ဈေးတက်လာတာမျိုးမရှိပါဘူး။ ရန်ကုန်မြို့ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့တဲ့အခါ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချပါတယ်”ဟု ဒေါ်ထားထားက ပြောသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျဆိုဒ်ခွဲ သန့်စင်စစ်ဆေးကာ ပုသိမ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ကုန်တင်ယာဉ်များဖြင့် တင်ပို့ရောင်းချခြင်းဖြစ်သည်။

လက်ရှိ ပန်းတနော်ရေထွက်ကုန် ဈေးကွက်အတွင်း ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၊ ပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ မှ ၁၈၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဈေးနှုန်း အသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/46338

## ၅ လခွဲအတွင်း ပဲတင်ပို့မှု ထိုးတက်ကာ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော် ရရှိ

ဧပြီ ၁ ရက်မှစတင်သော လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ကုန်လွန်ခဲ့သော ငါးလခွဲကျော်၌ နိုင်ငံခြားတိုင်းပြည်များသို့ မြန်မာနိုင်ငံသည် ပဲတန်ချိန် ၇၉၀,၀၀၀ ကျော်တင်ပို့ပြီး ခန့်မှန်းအမေရိကန်ဒေါ်လာ သန်း ၆၅၀ နီးပါးရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအရ သိရသည်။

ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ပင်လယ်ရေကြောင်းမှ ပဲတင်ပို့မှုသည် ဒေါ်လာ ၅၄၂ ဒသမ ၆၂၅ သန်း (၆၆၇,၄၄၁ ဒသမ ၃၈၆ တန်ကျော်) ရှိကာ အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်မှ တင်ပို့မှုမှာ ၁၂၃,၄၄၆ တန်ရှိပြီး ဒေါ်လာ ၁၀၆ ဒသမ ၀၈၉ သန်း ရရှိသဖြင့် စုစုပေါင်း တန်ချိန် ၇၉၀,၈၈၈ တန် တင်ပို့ခြင်းဖြင့် ဒေါ်လာ ၆၄၈ ဒသမ ၇၁၄ သန်း ရရှိသည်။

မြန်မာနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ပဲတန်ချိန် ၁ ဒသမ ၉ သန်းကျော် တင်ပို့ကာ ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများကပြသည်။

အိန္ဒိယမှ မတ်ပဲနှင့်ပဲစင်းငုံ ဝယ်လိုအားနှင့်စားသုံးမှု ကြီးထွားလျက်ရှိသည်။ မြန်မာနှင့်အိန္ဒိယကြား ၂၀၂၁ ဇွန် ၁၈ ရက်က ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာအရ အိန္ဒိယသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်ဆက်တိုက် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂၅၀,၀၀၀ နှင့် ပဲစင်းငုံတန်ချိန် ၁၀၀,၀၀၀ တင်သွင်းသွားမည်ဖြစ်သည်။

အဆိုပါ အစိုးရချင်းသဘောတူညီချက်သည် အိန္ဒိယကချမှတ်ထားသည့် ပဲနှစ်စဉ်ကိုယ်တာပေါ် သက်ရောက်မည်မဟုတ်ပေ။ မြန်မာပို့ကုန်သမားများက အိန္ဒိယသို့ နှစ်စဉ်ကိုယ်တာအောက်မှ ပဲတင်ပို့နိုင်သည်။ လက်ရှိ ဈေးကွက်ပေါက်ဈေးတွင် မတ်ပဲတစ်တန်လျှင် ကျပ် ၂ ဒသမ ၅၈၄ သန်းနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၄ ဒသမ ၀၅ သန်းဈေးရှိသည်။

Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2025984

## လာမည့်ကော်ဖီထွက်ချိန်တွင် မြန်မာ့ကော်ဖီကို ရုရှားဝယ်ယူတင်သွင်းမည်

ရုရှားနိုင်ငံက မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီကိုဝယ်ယူပြီး ကုန်သွယ်မှုလုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရသည်။

အဆိုပါ ရုရှားနိုင်ငံရှိ လက်လီအရောင်းဆိုင်များတွင် မြန်မာ့ကော်ဖီကို အမြဲတမ်းအမျိုးအစားအဖြစ် မိတ်ဆက်ပေးပြီး ဝယ်ယူတင်သွင်းရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reshetnikov က ပြောကြားထားခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ကော်ဖီအသင်းအတွင်းရေးမှူး ဦးမင်းလှိုင်ကပြောသည်။ "ကျွန်တော်တို့ ကော်ဖီကို တင်သွင်းဖို့အတွက် ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reshetnikov က သူတို့နိုင်ငံမှာ မိတ်ဆက်ပြောထားတာ ရှိတယ်။ ဝယ်ယူဖို့လည်း ကမ်းလှမ်းထားတယ်။ ကော်ဖီထွက်ချိန်မှ ပို့နိုင်ဖို့ စီစဉ်ရမှာပါ" ဟု ၎င်းကဆိုသည်။

အခုဆို ပို့ကုန်အစားထိုးတင်ပို့မှုမှာ ကော်ဖီက အောင်မြင်မှုရလာပြီ။ လက်ရှိမှာ တခြားနိုင်ငံတွေက မြန်မာ့ကော်ဖီကို ကုန်ချောပြန်ထုတ်ပြီး ရောင်းနေကြတာဆိုတော့ ကုန်ကြမ်းရောင်းစားတဲ့ အနေအထားပဲရှိသေးတယ်။ အရည်အသွေးမြင့် ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီဆိုပြီး နေရာရလာအောင် လုပ်ဖို့လိုနေတယ်" ဟု ဦးမင်းလှိုင်က ဆက်လက်ပြောကြားသည်။ ပြည်တွင်း၌ နှစ်စဉ် ကော်ဖီတန်ချိန် ၈,၀၀၀ မှ ၁၀,၀၀၀ ကြား ထွက်ရှိပြီး ယခု ၂၀၂၃ ခုနှစ် ကော်ဖီတစ်တန် တန်ဖိုး သည် ကုန်စည်အရည်အသွေးပေါ်မူတည်၍ အမေရိကန်ဒေါ်လာ ၅,၅၀၀ မှ ၈,၃၀၀ ဝန်းကျင်အထိ ဈေးရရှိနေကြောင်း သိရ သည်။

မြန်မာနိုင်ငံအနေဖြင့် ယခု ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်းမှထွက်ရှိသည့် ကော်ဖီကုန်ကြမ်း (၇၅) ရာခိုင်နှုန်းကို ပြည်ပ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့် ၂၀၂၂- ၂၀၂၃ ကော်ဖီရာသီချိန်က ထွက်ရှိခဲ့သော ကော်ဖီလက်ကျန် မရှိတော့ဟုဆိုသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ ဝယ်ယူမှုမြင့်တက်လာပြီး ဆန်နှင့်ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်းစသည့် စိုက်ပျိုးရေးထွက်ကုန်များ ရုရှားဈေးကွက်တင်ပို့မှုမှ ကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်ရရှိရန် ရည်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှဇူလိုင်လကုန်အထိ မြန်မာ-ရုရှား ကုန်သွယ်မှုအနေဖြင့် ကန်ဒေါ်လာ (၃၄) သန်း ကျော်ရှိပြီး ရုရှားသို့ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ (၁၆) သန်းကျော်၊ ရုရှားမှ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ (၁၈) သန်းကျော် ရှိကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6935-russia-will-buy -myanmar-coffee.html

## ဘာစမာတီ ဆန်တင်ပို့မှုအတွက် အနည်းဆုံးဈေးသတ်မှတ်ချက် အိန္ဒိယဖြေလျှော့မည်

အိန္ဒိယသည် လာမည့်ရက်များတွင် ဘာစမာတီဆန်တင်ပို့မှုအတွက် အနည်းဆုံးဈေးကို လျှော့ချမည်ဖြစ်သည်။ သတ်မှတ်ပေးထားသော အနည်းဆုံးဈေးသည် ဈေးအမြင့်ဖြစ်နေသဖြင့် ပြည်ပသို့ ပရီမီယံ ဘာမစာတီဆန်မွှေးများ ရောင်းအား သိသိသာသာ ကျဆင်းသွားခြင်းနှင့်ပတ်သက်၍ ဆန်စက်လုပ်ငန်းရှင်များနှင့် ကုန်သည်များက မကျေမနပ်ပြောဆိုဝေဖန်မှုများ ပေါ်ပေါက်နေစဉ် ယခုလို ဈေးနှုန်းပြောင်းလဲရန် စီစဉ်ခြင်းဖြစ်သည်။

လက်ရှိ အနည်းဆုံးဈေးနှုန်းမှာ ဘာစမာတီဆန်တစ်တန်လျှင် $1,200 ဖြစ်ပြီး $850 ဟု လျှော့ချသတ်မှတ်ပေးမည် ဖြစ်သည်။ ဩဂုတ်လတွင် အိန္ဒိယသည် ဘာစမာတီဆန်တင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း minimum export price (MEP) ကို တတန် $1,200 ဟု သတ်မှတ်ခဲ့သည်။ "MEP တစ်တန် ကန်ဒေါ်လာ ၁၂၀၀ က အရမ်းမြင့်တဲ့အတွက် ဆန်စက်လုပ်ငန်းရှင်တွေနဲ့ ကုန်သည်အများစုက ဘာစမာတီဆန်ကို မတင်ပို့နိုင်ခဲ့ကြဘူး"ဟု ဆန်တင်ပို့သူ Vijay Setia က ပြောကြားသည်။

အိန္ဒိယသည် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ထားပြီး ဘာစမာတီဆန်ကို ခွင့်ပြုထားသည်။ သို့ဖြစ်ရာ ဘာစမာတီမဟုတ်သော ဆန်ဖြူများကို ဘာစမာတီဆန်အဖြစ် စာရင်းလိမ်ပြပြီး ဈေးနှုန်းကို ဘာစမာတီမဟုတ်သော ဆန်ဖြူများ၏ ဈေးနှုန်းအနိမ့်ဖြင့်စာရင်းပြကာ တင်ပို့ခြင်းမပြုနိုင်အောင် တစ်တန် $1,200 ဟု ဈေးအမြင့် ပြဋ္ဌာန်းခြင်း ဖြစ်သည်ဟု အာဏာပိုင်တို့က ပြောကြားသည်။ "ဘာစမာတီ MEP ကို လျှော့ချရန်ဆုံးဖြတ်တာကြောင့် ဘာစမာတီတင်ပို့မှု ကျဆင်းနေလို့ ဝင်ငွေဆုံးရှုံးနေတဲ့ တောင်သူလယ်သမားများ အဆင်ပြေသွားစေပါတယ်" ဟု အိန္ဒိယ ဆန်တင်ပို့သူများအဖွဲ့ချုပ် ဥက္ကဋ္ဌ ပရမ်ဂျိဂ်ကပြောသည်။ "ကမ္ဘာ့ဘာစမာတီဆန်ဈေးကွက်မှာ အိန္ဒိယရဲ့ ဈေးကွက်ဝေစု အများဆုံးရထားတာကို ဆက်ထိန်းထားနိုင်စေမှာဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

ဘာစမာတီဆန်ကို အိန္ဒိယမှာ တွင်တွင်ကျယ်ကျယ် စားသုံးလေ့မရှိပါ။ နောက်လတွင် ဘာစမာတီဆန်သစ်ပေါ်မည်။ ထိုအခါ ပြည်ပတင်ပို့မှု ကျဆင်းနေလျှင် ဘာစမာတီဆန်များ ပြည်တွင်းဈေးကွက်တွင် ပိုလျှံနေလိမ့်မည်ဟု ပရမ်ဂျိဂ်က ပြောသည်။ "ဘာစမာတီဆန်တွေ တောင်ပုံရာပုံဖြစ်နေပြီး ပြည်ပကိုတင်ပို့လို့မရရင် ဈေးကျမယ်။ လယ်သမားတွေနဲ့အိန္ဒိယ ဆန်စပါးကဏ္ဍ ထိခိုက်မယ်။ ဒီတော့ MEP လျှော့ချပေးတာ ပြည်ပကို ရောင်းလို့ရအောင် အတော်လေး အထောက်အကူ ဖြစ်မှာပါ" ဟု ၎င်းကဆိုသည်။

အိန္ဒိယနှင့်ပါကစ္စတန်တို့သာ ပရီမီယံ ဘာစမာတီဆန်မွှေးကို တင်ပို့ကြသည်။ အိန္ဒိယသည် အီရန်၊ အီရတ်၊ ယီမင်၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အမေရိကန်နိုင်ငံများသို့ ဘာစမာတီဆန် တန်ချိန် ၄ သန်းခန့် တင်ပို့လျက်ရှိသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6942-basamati.html

## မလေးရှားနိုင်ငံသည် အီးယူ၏ကန့်သတ်ချက်များကိုရှောင်ရှား၍ တရုတ်နိုင်ငံသို့ စားအုန်းဆီနှစ်ဆတင်ပို့မည်

မလေးရှားနိုင်ငံသည် အီးယူ၏ကန့်သတ်ချက်အသစ်များအား ရှောင်ရှားသည့်အရွေ့တစ်ခုအနေဖြင့် တရုတ်နိုင်ငံသို့ စားအုန်းဆီနှစ်ဆတင်ပို့သွားမည်ဖြစ်ပြီး နှစ်စဉ်တန်ချိန် ၅၀၀,၀၀၀ တင်ပို့သွားမည်ဖြစ်ကြောင်း ၂၀ ကြိမ်မြောက် အာဆီယံ ကုန်စည်ပြပွဲတွင် ကြေညာပြောကြားခဲ့ခြင်းဖြစ်ပြီး တက်ရောက်ကြသည့် နိုင်ငံကိုယ်စားပြုကိုယ်စားလှယ်များအကြား လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ မလေးရှားနိုင်ငံတွင် စွမ်းအင်သုံးစွဲမှုချွေတာသည့် စက်ရုံတည်ဆောက်ခြင်း၊ ကုန်သိုလှောင်ရုံနှင့်ကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းသူများတွင် ထိပ်ဆုံးမပါဝင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး မလေးရှားနိုင်ငံသည်လည်း စားအုန်းဆီထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် ဒုတိယအကြီးဆုံး နိုင်ငံတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံ၏ ၂၀၀၉ ခုနှစ်မှစ၍ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး မလေးရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ မလေးရှားရင်းဂစ် ၂၀၆ ဒသမ ၆ ဘီလီယံရှိပြီး ၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများမှ ကန့်သတ်ချက်များကို များစွာရင်ဆိုင်နေရသဖြင့် ၎င်း၏ ကုန်သွယ်မှုအား အရှေ့တောင်အာရှနိုင်ငံများသို့ ပြောင်းရွှေ့ပြီး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**Source: (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်)**

https://myantrade.gov.mm/article/naypyitaw_28092023_1041

## အိန္ဒိယသည် ဘာစမာတီဆန်၏ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း(Minimum Export Price – MEP) ကို လက်ရှိနှုန်းထားအောက် လျှော့ချသတ်မှတ်နိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ဘာစမာတီဆန်၏အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း(Minimum Export Price-MEP)ကို မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ထားရာမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ မှ ၃၀၀ အထိ လျှော့ချနိုင်ဖွယ်ရှိကြောင်းသိရသည်။ ၎င်းသည် အိန္ဒိယဆန်တင်ပို့သူများကို ဘာစမာတီဆန်တင်ပို့မှုအတွက် တစ်တန်လျှင် MEP အမေရိကန်ဒေါ်လာ ၁၀၅၀ သို့ လျှော့ချသတ်မှတ်လိုက်သည့် ပါကစ္စတန်နိုင်ငံနှင့်ယှဉ်ပြိုင်ရာတွင် အကူအညီပေးရန် ဖြစ်သည်။ လွန်ခဲ့သည့်လက အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်တင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Piyush Goyal သည် ဘာစမာတီဆန်တင်ပို့သူများနှင့် ယခုလ ၂၅ ရက်နေ့က တွေ့ဆုံခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြကြသည်။ ဆန်တင်ပို့သူများက MEP တစ်တန်လျှင် ကန်ဒေါ်လာ ၈၅၀ သို့လျှော့ချရန် ဝန်ကြီးအား တောင်းဆိုခဲ့ကြောင်း သိရသည်။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ MEP လျှော့ချဖြတ်တောက်မည့် အပြီးသတ်ဆုံးဖြတ်ချက်ကို ယခုလ ၂၇ ရက်နေ့ သို့မဟုတ် ၂၈ နေ့တွင် ထုတ်ပြန်ကြေညာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်တင်ပို့ရောင်းချသူများအသင်း(All India Rice Exporters Association) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၊ ဟာယာနာပြည်နယ်နှင့် ဥတ္တာပရာဒ်ပြည်နယ်အနောက်ပိုင်းရှိ လယ်သမားများအနေဖြင့် အစိုးရက MEP နှုန်းထားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ခဲ့သောကြောင့် စပါးတစ်ကေလျှင် ရူပီး ၁၀,၀၀၀ ခန့် ဆုံးရှုံးဖွယ်ရှိသည်ဟုဆိုသည်။ အိန္ဒိယအစိုးရက MEP တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဘာစမာတီဆန်ဈေးသည် တစ် Quital(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၄၀၀ သို့ကျဆင်းသွားခဲ့သည်။ အိန္ဒိယအစိုးရအနေဖြင့် လာမည့်နှစ်တွင်ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲမတိုင်မီတွင် တောင်သူလယ်သမားများကို ငွေကြေးဆုံးရှုံးနစ်နာမှု မရှိစေလိုကြောင်းသိရသည်။

အချို့သောအထူးဘာစမာတီစပါးမျိုးများကို ပြည်ပသို့တင်ပို့ရန် အတွက်သာစိုက်ပျိုးကြသည့်အတွက် အဆိုပါဆန်မျိုးများအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ အောက်၌ တင်ပို့ခွင့် ပြုခြင်းသည် ပြည်တွင်းဆန်ဈေးနှုန်းကို ထိခိုက်စေမည်မဟုတ်ဟု အစိုးရတာဝန်ရှိသူတစ်ချို့က ယူဆကြသည်။ အိန္ဒိယအစိုးရသည် ယခုနှစ်၊ ဩဂုတ်လက ဘာစမာတီဆန်မဟုတ်သောဆန်ဖြူများကို တရားမဝင်တင်ပို့မှုရပ်တန့်ရန်ရည်ရွယ်၍ ဘာစမာတီဆန်တင်ပို့မှုကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ အောက်လျှော့နည်းသောဈေးနှုန်းဖြင့် တင်ပို့ခြင်းကို တားမြစ်ခဲ့သည်။

ဆန်ဈေးကွက်ရှာဖွေရေးနှင့် ဆန်တင်ပို့သည့်ကုမ္ပဏီတစ်ခုဖြစ်သော RiceVilla ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Suraj Agarwal က လက်ရှိတွင် MEP ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ သတ်မှတ်ထားခြင်းကြောင့် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၀ သာရှိသော ပျမ်းမျှပို့ကုန်ဈေးနှုန်းထက် များစွာမြင့်မားလျက်ရှိသည်ဟုဆိုသည်။ ပူဆာဘာစမာတီ ၁၅၀၉(Pusa Basmati 1509)ခေါ် အထူးမျိုးကောင်းဆန်သီးနှံသစ်များ ဈေးကွက်ထဲသို့ စတင်ဝင်ရောက်နေပြီဖြစ်သောကြောင့် ပို့ကုန်အမှာစာများကို အချိန်ကိုက်ကြိုတင်စာရင်းသွင်းခြင်း မပြုလုပ်နိုင်ပါက အိန္ဒိယအနေဖြင့် ကမ္ဘာ့ဘာစမာတီဆန် ဈေးကွက်တွင် ပါကစ္စတန်နိုင်ငံသို့ ဝေစုအများအပြား ခွဲဝေပေးရဖွယ်ရှိနေသည်ဟု ၎င်းကပြောကြားခဲ့သည်။

အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များတင်ပို့ရေး ဖွံ့ဖြိုးမှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ ၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှဇူလိုင်လအထိ ကာလအတွင်း ပြည်ပသို့ဘာစမာတီ ဆန်တင်ပို့မှုမှာ မက်ထရစ်တန် သန်းပေါင်း ၁ ဒသမ ၆၁ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇ ဘီလီယံရှိကြောင်းနှင့် ယခင်နှစ်ကာလတူက မက်ထရစ်တန် သန်းပေါင်း ၁ ဒသမ ၅၁ တန်၊ တန်ဖိုးအားဖြင့် ၁ ဒသမ ၅၇ ဘီလီယံသာတင်ပို့ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဆန် ဈေးကွက်၌ အိန္ဒိယနိုင်ငံ၏ဘာစမာတီဆန်ဈေးနှုန်းသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၂၀ ပေါက်ကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့ရောင်းချသူများအသင်းမှ ပြောကြားခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၆ ရက်က ဖော်ပြခဲ့သည်။

### သုံးသပ်တင်ပြချက်

အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မူဝါဒတင်းတင်းကျပ်ကျပ်ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိသုံးသပ်ရပါသည်။ ပြည်တွင်း၌ ဆန်ဖူလုံစွာရရှိရန်နှင့် ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ပြည်ပတင်ပို့မှုကို အဆင့်ဆင့်ကန့်သတ်ထိန်းချုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ယခုအခါ ပါကစ္စတန်နိုင်ငံက ၎င်း၏ဘာစမာတီဆန်၏ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း(Minimum Export Price-MEP)ကို ယခင်သီတင်းပတ်က အမေရိကန်ဒေါ်လာ ၁၁၀၂ သတ်မှတ်ခဲ့ရာမှ ယခုအခါ အမေရိကန်ဒေါ်လာ ၁၀၅၀ သို့ လျှော့ချသတ်မှတ်လိုက်ခြင်းကြောင့် အိန္ဒိယဆန်တင်ပို့သူများအတွက် ဈေးကွက်ဝေစုဆုံးရှုံး

နိုင်သည့် အနေအထားတွင် ရောက်ရှိနေပါသည်။

အမေရိကန်ပြည်ထောင်စုက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထုတ်ကုန်များ ဝယ်ယူနိုင်ရန်အကြောင်းပြချက်ဖြင့် အီရန်နိုင်ငံ၏ ရေနံရောင်းရငွေ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော်ကို လွှဲပြောင်းခွင့်ပြုခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံက ကမ္ဘာ့ဆန်ဈေးကွက်တွင် အသာစီးရယူရန် ယင်းသို့ MEP နှုန်းထား လျှော့ချသတ်မှတ်ခဲ့ဖွယ်ရှိကြောင်း သိရသည်။ ထို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့်လည်း ၎င်းအားဖြေလျှော့သတ်မှတ်သွားဖွယ်ရှိကြောင်း အိန္ဒိယဆန်ကုန်သည်အသိုင်းအဝိုင်းမှ ခန့်မှန်းချက်များ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

ရည်ညွှန်းချက်။

The Times of India သတင်းဌာန၊ “Basmati export floor price may be lowered to counter Pakistan move”၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။

The Hindu Businessline သတင်းဌာန၊ “India set to lower base price for basmati exports to $850/t”၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

**Source:** https://myantrade.gov.mm/article/STP(Ygn)_28092023_09:04

## STOCK EXCHANGE (28.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,124 (Shares) | 35,977,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 9,000 | 9,000 | 8,700 | 3,337 | 29,034,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,100 | 3,150 | 3,050 | 1,390 | 4,308,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 94 | 159,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 18 | 43,200 | 12,823,224 | 30,776 |
| EFR | 00006 | 2,250 | +0 | +0.00% | 2,250 | 2,250 | 2,200 | 395 | 876,250 | 19,977,223 | 44,949 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,700 | 1,800 | 1,700 | 890 | 1,555,100 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,097 (Shares) | 20,605,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 10 | 89,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 3,513 | 10,664,650 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 22 | 36,950 | 29,664,613 | 48,947 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 9 | 21,600 | 12,823,224 | 30,776 |
| EFR | 00006 | 2,200 | -50 | -2.22% | 2,250 | 2,250 | 2,200 | 220 | 484,500 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 1 | 4,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,700 | 5,322 | 9,303,500 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 28th Sep. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.91 | -1.95 | -0.52% | 376.22 | 376.22 | 374.56 | 9,097 | 20,605,100 | 8 | 707,147 |

### Index chart




TIR